# COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ဒဏ်ရာရရှိမှုနှင့် ကွယ်လွန်မှုအပေါ် ဝမ်းနည်းရပါကြောင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၂၂) ရက်နေ့

COVID-19 ဓာတ်ခွဲနမူနာများအား ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ကူညီသယ်ယူပို့ဆောင်ခဲ့စဉ် ဒဏ်ရာရှိခဲ့သည့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) မှ ဦးပြည့်စုံဝင်းမောင်သည် (၂၁-၄-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့မှုအပေါ် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါသည်။ ဦးပြည့်စုံဝင်းမောင်သည် မိမိတို့နိုင်ငံ COVID-19 ကပ်ရောဂါကြီးအား ကျော်လွှား အောင်မြင်နိုင်စေရန် ပြည်သူများ၏အကျိုးအတွက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သူ ဖြစ်သဖြင့် နိုင်ငံအတွက် တာဝန်ကျေပွန်သူနိုင်ငံသားတစ်ဦးကို ဆုံးရှုံးခဲ့ရခြင်းလည်းဖြစ် ပါသည်။

ထို့အပြင် ဓာတ်ခွဲနမူနာများ သယ်ယူပို့ဆောင်စဉ်လိုက်ပါခဲ့သည့် စစ်တွေမြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) ဦးအောင်မျိုးဦး ဒဏ်ရာများ ရရှိခဲ့မှုအပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် များစွာဝမ်းနည်းပါသည်။ ဦးအောင်မျိုးဦး အမြန်ဆုံးကျန်းမာစေရန်အတွက်လည်း ဆုတောင်း မေတ္တာပို့သအပ်ပါ သည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးကို ကျော်လွှား နိုင်ပါစေ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**